

To
Dear Baby
By
Nann Yein

## To/Dear Baby…

## "1"

ဖြူဖွေးနူးညံ့နေသော ခြုံစောင် တစ်ထည် မှုးငယ်အပေါ် လွှမ်းခြုံလာကာ တင်းကျပ်စွာ ပွေ့ဖက်လာသည် ။ ညင်သာသော အနမ်းနှင့် အတူ ဖြူအုနေသော လည်တိုင်လေးကို နမ်းရှိုက်လာသောသူသည် ဒီနေ့တွင် မှုးငယ်ကို လက်ထပ်ယူခဲ့သော ဦးမင်းမြတ်ဟန်ပန် …

"ဦးဟန် … မှုးငယ် ကျောင်းဆက်တက်ချင်တယ် … "

သေရင်မြေကြီး ရှင်ရင်ရွှေထီးမို့ ပထမဦးဆုံး အကြိမ် မှုးငယ် တောင်းဆိုလိုက်မိသည် ။

"အင်း … မင်းလိမ္မာရင်ပေါ့ … အခုအိပ်တော့ … "

တိတ်ဆိတ်သွားတဲ့ အခန်းသည် ခုနကနှင့် ခြားနားစွာပင်။

မှုးငယ်ကို ပွေ့ဖက်ရင်း အိပ်ပျော်သွားတဲ့ ဦးဟန်ရဲ့ အသက်ရှူသံ ပြင်းပြင်းကြားရမှ အိပ်မပျော်စွာ ကိုယ့်ဘဝကိုယ် ဝမ်းနည်းမှုတွေနှင့် မျက်ရည်တွေ ပြိုဆင်းလာသည် ။

ဒီလူဟာ ကောင်း မကောင်းသေချာမသိပဲ ရက်ရက်ရောရော ပေးရက်ခဲ့တဲ့ ကိုယ့်ဦးလေးကိုလား … ဒါမှ မဟုတ် … မှုးငယ် ကိုပစ်ထားခဲ့တဲ့ မေမေ့ကိုလား …

"သူကနင့်ကို သဘောကျနေတာ မှူးငယ် ... ငါတို့ အခြေအနေနဲ့ နင့်ကို ဒီလိုလူမျိုးကြိုက်တာပဲ ကျေးဇူးတင်စမ်းပါ ... ငါတို့ မိသားစု အကြွေးတွေလည်း ချေပေးမယ်တဲ့ ... အခြား မင်းကိုပေးခဲ့မယ်ဆိုရင် ငါတို့ ကိုပေးလာမယ့် တိုက်တစ်လုံးနဲ့ ကားတစ်စီး ... "

"မှူးငယ်ရာ နင့်နစ်နာသွားတာမှ မဟုတ်တာ ... ကျောင်းထားပြီး နင့်ကိုလူတစ်လုံး သူတစ်လုံးနဲ့ တူအောင်ပြုစုခဲ့တဲ့ ငါ့အမေကိုလည်း ကျေးဇူးဆပ်စမ်းပါဦး ... "

ငြင်းမရတဲ့ ကျေးဇူးတရား တချို့နှင့် အတူ ဦးမင်းမြတ်ဟန်ပန်ရဲ့ ကမ်းလှမ်းချက် တချို့ကို လက်ခံခဲ့ရသည် ။

မင်္ဂလာဆောင်ကိစ္စ ပြောတာကိုပင် မှူးငယ်ရဲ့ သဘောကို တစ်ချက်တောင်မမေးပဲ ဦးလေးတို့ နှင့် သာပြော၍ စီဉ်ခဲ့သည် ။

ခမ်းနားစွာ မင်္ဂလာဆောင်ခဲ့ပြီး မင်္ဂလာ ပွဲအပြီး မှူးငယ်ရှေ့မှာ တင် ဦးလေးတို့ မိသားစုကို

"လရောင်မှူးငယ်နဲ့ ဒီနေ့ကစပြီး မပတ်သက်ရတော့ဘူး "

ဆိုတဲ့ ဆွေခန်းမျိုးခန်း ဖြတ်စေတဲ့ စကားကို ပြတ်သားစွာ အားမနာတမ်း ပြောဆိုခဲ့သည် ။

အမြဲတမ်း ဖျာကြမ်းပေါ်မှာ သာ အိပ်စက်ခဲ့ရတော့ အေးစက်နေသော ဒီအခန်းသည် မှူးငယ်နှင့် စိမ်းသက်စွာ ...

"ခုထိမအိပ်သေးဘူးလား"

"ဟုတ် အိပ်မပျော်သေးလို့ ပါ ... အိပ်ရာ အပြောင်းအလဲကြောင့် ... "

"မင်း နောက်ဆို ဒီအိပ်ရာပေါ်မှာ ပဲ အိပ်စက်ရတော့မှာ လရောင်မှုံ့ငယ် ကျင့်သားမရရအောင် ကြိုးစားလိုက် ... "

မျက်လုံးထောင့်မှ စီးကျလာသော မျက်ရည်စများ သည် သုတ်ပေးမည့် သခင်မဲ့စွာ ... ကိုယ်က တန်ဖိုးမရှိတော့လည်း သူ့အမိန့်အတိုင်းပေါ့ ဟု မှုံ့ငယ် တွေးလိုက်တော့ အနည်းငယ်တော့ အေးချမ်းသွားရပေသည် ။

တာဝန်နှင့် ဝတ္တရားဆန်ဆန် တည်ဆောက်ထားတဲ့ Relationship တစ်ခုသည် အေးစက် တည်ငြိမ်စွာဖြင့်သာ အများကြီး မမျှော်လင့်ထားဘူး ဘာလို့ လဲဆိုရင် မှုံ့ငယ်မှာ လည်း အများကြီးမရှိလို့ ပင် ... မနက်ဖြန်တွေကို ကြိုမသိချင်စွာ ပွေ့ဖက်ထားသော ဦးဟန်ရဲ့ ရင်ခွင်ထဲတွင် အိပ်ပျော်အောင်ကြိုးစား မှေးစက်လိုက်သည့် အခါ ဦးဟန်သည် လည်း ပိုမိုတင်းကျပ်စွာ ပွေ့ဖက်လိုက်သည် ။

အသက်ရှူသံမှန်မှန်နှင့် ရင်ခွင်ထဲမှ ကောင်ငယ်လေး အိပ်ပျော်သွားတဲ့ အခါ မင်းမြတ်ဟန်ပန်၏ မျက်ဝန်းအစုံသည် တဖြည်းဖြည်း ဖွင့်လာကာ ထိုကောင်လေးကို စူးစိုက်ကြည့်နေသည် ။ အသက်ထက်ဝက်ကျော်ကွာတာမို့အများကြီး သူတို့ ညှိယူရဦးမည်။ စူးရဲနေတတ်တဲ့ ဒီကောင်လေးရဲ့ မျက်ဝန်းတွေကို သူ မြင်ခဲ့ရတုန်းက တော်တော်ကြီးကို စိတ်လှုပ်ရှားခဲ့သည် ။

ဒီကလေးဟာ သူ့အတွက်လို့ မင်းမြတ် သတ်မှတ်လိုက် ချိန်မှာ တော့ အသက်တစ်ဝက်ခန့် ကွာတယ်ဟု သော အချက်ကိုပါ ဥပက္ခာပြုခဲ့သည် ။

ဒီကောင်လေးရဲ့ ဘဝကို ခင်ပွန်းသည် လိုကော မိဘနေရာပါဝင်ကာ ပြုစုပျိုးထောင်ရမည်ဟု တွေးမိတဲ့ အခါ ခိုင်မာသော ဆုံးဖြတ်ချက်နဲ့ အ

တူ သူ့ရဲ့ သက်ဆိုင်သူတွေဆီက တောင်းယူခဲ့သည် ။

အခုအခါမှာ တော့ လရောင်မှုုငယ် ဆိုသည် မှာ မင်းမြတ်ဟန်ပန်ရဲ့ တန်ဖိုးကြီးမားသော ပိုင်ဆိုင်မှုတစ်ခုပင် ...

***

"2"

ဂျနာရီ ဒေါင်ခနဲမှာ ကျင့်သားရတဲ့ မှူးငယ်ရဲ့ မျက်လုံးအစုံဟာ နိုးထလာသည် ။ ဒါဟာ အရင်တုန်းက သူကျေပွန်ရမယ့် တာဝန်အချို့ကြောင့်ပင် ...

တင်းကျပ်စွာ ပွေ့ဖက်ထားသော လက်တစ်ဖက်ဟာ မှူးငယ်ရဲ့ ခါးအထပ်တွေ နေရာယူထားလို့ နေသည် ။

"ပြန်အိပ် ... "

အမိန့်ဆန်ဆန် ထွက်လာတဲ့ သူအသံကြောင့် မှူးငယ် ကိုယ်လေးတုန်ခနဲ ဖြစ်သွားသည် ။

"မှူးငယ် မအိပ်တတ်တော့လို့ ... "

အသံတိုးတိုးလေးနဲ့ ငြင်းပယ်မိသည် ။ တကယ် သူအိပ်မပျော်တော့ပဲ အိပ်ရင်ကျောတွေ ပူထူလာလိမ့်မည်။

"မအိပ်တတ်ဘူးဆိုတာ မရှိဘူး ရအောင်အိပ် ... "

သူစိမ်းတစ်ဦးနှင့် ပထမဆုံး နိုးထရတဲ့ နေသည် အမိန့်ဆန်လှစွာ ... ဘာလို့ အမိန့်တွေကြီးပဲလဲ ... မှူးငယ်ဘဝက ဘယ်တော့မှ မျှား သူများနဲ့ ကင်းလွတ်ရမှာ လဲ ... အိပ်ဆိုတော့လည်း အိပ်ရုံပေါ့ ... ကိုယ်မှ သူ့ကို ငြင်းဆန်ဖို့ အင်အားမရှိတာ ... ကိုယ့်အဖြစ်ကို နာကျင်ရတဲ့ အခါ

မျက်ရည်က ဝဲတက်လာသည် ။ ဒါပေမဲ့ သူဘာတတ်နိုင်မှာ မို့လဲ ... ဘယ်သူကသူ့ရဲ့ ဖြစ်ချင်မှုတွေကို နားလည်ပေးမှာ မို့လို့ လဲ ... ဒါပေမဲ့ မှူးငယ် ကြာကြာတွေးချိန် မရလိုက် ... မျက်လုံးလေးများ ဟာ ပြန်လည် အိပ်စက်ခြင်းသို့ ရင်ခွင်ထဲမှ ကောင်လေး ပြန်လည်အိပ်စက်သွားမှ မင်းမြတ်ရဲ့ နှုတ်ခမ်းပြုံးယောင်သန်းကာ တင်းကျပ်စွာ ထပ်ပွေ့ဖက်ထားလိုက်သည် ။

မှူးငယ် တစ်ဖန်ပြန်လည် နိုးလာတော့ နေအလင်းရောင်ဟာ လိုက်ကာကြားမှ ထိုးထွက်နေချေပြီ ... အချိန်ကြာမြင့်စွာ မအိပ်စက်ရဖူးတော့ ကျောပြင်မှာ အနည်းငယ် နာကျင်မှုကို ခံစားနေရသကဲ့သို့ ခုတင်ဘေးစာပွဲပေါ်မှ အလှနာရီလေးကို ကြည့်လိုက်တော့ ၈နာရီထိုးပြီး ... လွတ်နေသော ဘေးနေရာအရ သူ အိပ်ရာမှ ထသွားပြီ ... မှူးငယ် ခုတင်ပေါ်က အသည် အသန် ထမိသည် ။ ငြိုငြင်နေမလား ... အပြောခံရမလား ... သူကိုယ်တိုင်လည်း ဘာလို့ ဒီအချိန်ထိ အိပ်စက်မိသွားလဲမသိ ... အိပ်ခန်းနဲ့ တစ်ဆက်တည်း အဝတ်လဲခန်းမှ ဦးဟန်ထွက်လာတော့ မှူးငယ် ခုတင်ပေါ်မှာ ငုတ်တုတ်လေး ရှိဆဲပင် ... အဖြူရောင် shirt အင်္ကျီကို အနက်ရောင်စတိုင်ပင်နဲ့ တွဲဝတ်ထားတဲ့ ဦးဟန်သည် အသက် ၃၂နှစ်အရွယ်သူထက် ၁၄နှစ်တိတိကြီးသော သူလို့ မထင်ရတဲ့ ထိ အရွယ်တင်လွန်းသည် ။

"ဟို ... ဟို ... မှူးငယ် အကြာကြီး အိပ်ပျော်သွားတယ် ... တောင်းပန်ပါတယ် ... မှူးငယ်နောက်ခါ ... "

" မနက်စာစားရမယ် ... မျက်နှာသစ်တော့ ... "

စကားမဆုံးခင် ဖြတ်ကာပြောလိုက်တဲ့ အမိန့်ဘက်သို့ ပြောင်းလုလုအသံ ... မှူးငယ်အိပ်ရာမှ ကပျာကရာထကာ ရေချိုးခန်းထဲ အမြန်ဝင်လို

က်သည် ။ သူများ ငြိုငြင်မှာ တအားကြောက်တာ အကျင့်တစ်ခုလို ဖြစ်နေတာမို့ ... မှုးငယ် အမြန်မျက်နှာသစ်ကာ ရေချိုးခန်းထဲ ထည့်ထားသော အနက်ရောင် တဘက်လေးတစ်ခုကို ယူကာ ပြန်ထွက်လာလိုက်သည် ။ ထို့နောက် သူ့ရဲ့ ဦးဆောင်မှုနောက်သို့ လိုက်ပါလိုက်သည် ။ မှုးငယ်ဒေါ်လေးတို့ အိမ်မှာ နေခဲ့တဲ့ အခန်းထက် ၃ဆနီးပါး ကျယ်လွန်းတဲ့ ထမင်းစားခန်းကြောင့် မှုးငယ် တစ်ချက်တန့်သွားသည် ။

သူရှေ့ခုံမှာ ထိုင်လိုက်ကာ လက်နှစ်ဖက်ကို ပွတ်သပ်ပြီး ခေါင်ငုံ့ထားမိသည် ။ ၁၀စက္ကန့်လောက်အကြာမှာ မှုးငယ်ရှေ့ ရောက်လာသည့် အငွေ့တထောင်းထောင်း ထနေတဲ့ ကြက်စွပ်ပြုတ်တစ်ပွဲ ... ကြက်သားနံ့ကို မခံနိုင်တဲ့ မှုးငယ် ထိုပန်းကန်ကြောင့် ပျို့အန်ချင်စိတ်တွေ ဖြစ်လာသည် ။

"ကုန်အောင်သောက် ... "

အနံ့တောင်မခံနိုင်တာ ကုန်အောင်သောက်ဆိုတော့ ရက်စက်လွန်းရာ မကျဘူးလား ...

"မှုးငယ် ကြက်သားမစားဘူး ဦးဟန် ... "

" ကိုယ့်အိမ်မှာ ကိုယ်က ဒါလုပ်ဆိုရင် မင်းလုပ်ရမယ် ... "

"ဒါပေမဲ့ ... ကြက်သားက ... "

"ကုန်အောင်မသောက်ရင် တစ်အိုးလုံးကုန်တဲ့ ထိ ဒီနေရာပဲ မင်းထိုင်နေရမယ် လရောင်မှုးငယ် ... "

ဝေ့တက်လာတဲ့ မျက်ရည်ကို အံတင်းကာ ထိန်းချုပ်ပြီး ဇွန်းကိုကိုင်ကာ တစ်လုတ်ချင်းစီ သောက်လိုက်သည် ။

နောက်ဆုံးတစ်လုတ် သောက်အပြီးမှာ တော့ ဟန်မဆောင်နိုင်စွာ

ပါးစပ်ကိုအုပ်ကာ ထိုးအန်ဖို့ နေရာရှာမိပြီး အန်ချလိုက်မိသည် ။

အသက်ကို ဝဝရှူနေတုန်း စားဖိုမှူးကိုပေးတဲ့ အမိန့်ကြောင့် ဟန်မဆောင်နိုင်စွာ မျက်ရည်တွေ ပြိုဆင်းလာမိသည် ။

"နေ့တိုင်းကြက်သား ပါအောင်ချက်ပါ ... "တဲ့

***

မနက်စာ စားပြီး ခဏနားကာ မှူးငယ် ရေမိုးချိုးလိုက်သည် ။ မနက်ဖြန်ဆို ကျောင်းပြန်တက် ရတော့မှာ မို့ မှူးငယ် တက်ကြွနေမိသည် ။ ကျောင်းတက်ရတာ မှူးငယ်ပျော်သည် ။ တက္ကသိုလ် ကျောင်းသားဘဝကို အချိန်ပိုင်းတွေ အများကြီးကြားမှ လုတတ်ရပေမဲ့ ကျေနပ်သည် ။

"သခင်ကြီး က စာကြည့်ခန်းထဲ လိုက်လာဖို့ ပြောထားပါတယ် ... "

အဝတ်လဲခန်းမှ အင်္ကျီတွေများ စွာထဲမှ အဖြူရောင် စပိုရှပ်ပွပွလေးကို ဝတ်ကာ စာကြည့်ခန်းသို့ မှူးငယ် ထွက်လာလိုက်သည် ။ စာကြည့်ခန်းရှေ့ အခန်းတံခါးကို ခေါက်လိုက်တော့ ဝင်ခဲ့ဆိုတဲ့ ဦးဟန်အသံကြောင့် မှူးငယ် တံခါးအသာဖွင့်ကာ ဝင်လိုက်သည် ။

လက်တော့တစ်လုံး တင်ထားတဲ့ စာဖက်စာပွဲပေါ်မှာ အပြာရောင်ဖိုင်တွဲလေးတစ်ခု ...

"ရော့ ... မနက်ဖြန်ကစပြီး မင်းတက်ရမယ့် collage..."

ပုဂ္ဂလိက တက္ကသိုလ် တစ်ခုနာမည်နဲ့ ကျောင်းအပ်ထားတဲ့ စာရွက်

စာတမ်းများ ...

"မှူးငယ် တက္ကသိုလ် ... "

"အဝေးသင် ပြောင်းလိုက်တော့ ... "

ကိုယ်ပျော်ရွှင်ရတဲ့ နေရာ ... ထပ်၍ ဆုံးရှုံးမှု ဟန်မဆောင်နိုင်စွာ မျက်ရည် ကျဆင်းမိသည် ။

"ငါ မင်းကိုသေတွင်း ဆင်းခိုင်းနေတာမို့ ငိုနေတာလား ... ငိုတဲ့ လူတွေကိုငါမုန်းတယ် ... ဘာမှ မလုပ်တတ်ပဲ ငိုတဲ့ လူတွေကို ငါအထင်မကြီးဘူး ... အဲဒီအတွက်ကြောင့် မင်းရဲ့ မျက်ရည်တွေကို အခုချက်ချင်း သိမ်းလိုက် ... "

အမိန့်ပဲမှတ်လား ... လက်ဖဝါးနှစ်ဖက်နဲ့ စီးကျနေတဲ့ မျက်ရည်တွေကို သုတ်လိုက်ပြီး ထပ်မကျအောင် အံတင်းတင်း ကြိတ်ထားလိုက်သည် ။

"မနက်ဖြန် မင်းရဲ့ ကျောင်းဝတ်စုံအသစ်ကို အိမ်တော်ထိန်း လာပို့လိမ့်မယ် ... "

"ဟုတ်ကဲ့ ဦးဟန် ... "

"ကျောင်းအသစ်မှာ မင်းက အိမ်ထောင်သည် လို့ ဘယ်သူမှ မသိဘူး ... သိစရာလည်း မလိုဘူး"

လက်သီးနှစ်ဖက်ပါ ကျစ်ကျစ်ဆုပ်ထားမိသည် ။ အေးပေါ့ ... ကိုယ်တွေအကြောင်းသိရင် သူပဲသိက္ခာကျမှာ မို့ မဟုတ်လား ...

***

ဆူညံသံတွေ Djသံတွေကြားမှာ မိန်းကလေးတွေအားလုံးရဲ့ အာရုံကို စွဲဆောင်ထားနိုင်သော ကောင်လေး … သူကတော့ ဘယ်မိန်ကလေးကို မှ အရုံမစိုက်ပဲ တီးလုံးသံနဲ့ ဟန်ချက်ညီညီ ကနေသည် ။ ခဲရောင် ဆံပင် အလယ်ခွဲလေး လွင့်တက်နေတဲ့ အထိ ကခုန်နေတဲ့ ကောင်လေးဟာ အားလုံးရဲ့ အမြင်မှာ စွဲဆောင်မှုအပြည့် … ချောမောမှုကို ချမ်းသာခြင်းနဲ့ အနားကွတ်တဲ့ အခါ အားလုံးဟာ အရူးအမူး …

အဖြူရုပ်ကို လည်ပင်းနားနဲ့ လက်ခေါက်နားမှာ နတ်ပြာကွပ်ထားတဲ့ အင်္ကျီနဲ့ ဘောင်းဘီ နတ်ပြာရောင်စတိုင်ပင်က သူတက်နေတဲ့ ကျောင်း ရဲ့ ယူနီဖောင်းပင် … ရင်ဘတ်နားမှာ ရွှေရောင် တံဆိပ်ပြားပေါ်မှ သူ၏ နာမည်သည် … "အရိပ်ယောင် … "

***

"3"

မနက်မိုးလင်းတာနဲ့ တင်းကျပ်စွာ ပွေ့ဖက်ထားတဲ့ ဦးဟန်ရင်ခွင်ထဲမှာ နိုးထလာရသည် ။ နိုးထသင့်သော အချိန်ဟု သတ်မှတ်ထားသော အချိန်မှ သာ အိပ်ရာထရသည် ။

အသားများများ ပါသော စွပ်ပြုတ်တစ်မျိုးမျိုး ဆန်ပြုတ်ကို သောက်ရကာ မှူးငယ် စားပြီးချိန်တွင် တော့ သူနဲ့ အတူတူ အခန်းထဲ ပြန်လာကာ သူ ပြောင်းပေးထားသော ကျောင်းသို့ သွားဖို့ ယူနီဖောင်းလဲရသည် ။

Shirt လက်ရှည် အဖြူစွပ်စွပ်ပေါ်တွင် နက်ပြာရောင်အကွတ်လေး ပါသည့်အင်္ကျီနဲ့ စတိုင်ပင်နက်ပြာ ယူနီဖောင်းဝတ်စုံကို ဝတ်ဆင်ကာ နာမည် လေးတဲ့ ရွှေရောင်ကဒ်လေးကို ရင်ဘတ်မှာ ထိုးကာ ဦးဟန် ပြင်ဆင်ထားတဲ့ ကျောပိုးအိတ် အဖြူလေးကို လွယ်ကာ ပြင်ဆင်ပြီးချိန်တွင် တော့ အ လုပ်သွားရန် ပြင်ဆင်ပြီးတဲ့ ဦးဟန် ကျောင်းလိုက်ပို့မည်ဟု ဆိုကာ ဦးဟန် ဖွင့်ပေးသောကား နောက်ခန်းသို့တက်ကာ ကျောင်းအသစ်သို့ ကားလေးမှာ မောင်းထွက်လာသည် ။

တစ်လမ်းလုံး ပြတင်းပေါက်ဘက်ကို မှူးငယ် စိတ်လှုပ်ရှား နေမိသောကြောင့် လက်ဖဝါးလေးနှစ်ဖက်ကို ပွတ်နေမိသည် အထိ ...

"လရောင် ... "

"ဟုတ်ကဲ့ ဦးဟန် ... "

ကိုယ်ဟန်အနေအထားကို ပြင်ကာ ခေါင်းငုံ့ကာ ပြန်ထူးလိုက်သည် ။

"သိမ်ငယ်မယ်တွေးတိုင်း မင်းမှတ်ထားရမှာ က မင်းက king Group ရဲ့ ceo ဦးမင်းမြတ်ဟန်ပန်ရဲ့ တရားဝင် လက်ထပ်ထားတဲ့ ခင်ပွန်း လရောင်မှူးငယ်ဆိုတာပဲ ... မင်းခေါင်းတစ်ချက်ငုံ့ရင် ငါ့ကို သိက္ခာချလိုက်တာနဲ့ တူတူပဲဆိုတာ မှတ်ထားပါ ... "

"ဟုတ်ကဲ့ ... "

"သိမ်ငယ်စရာမလိုဘူး ... သိမ်ငယ်ရင် မင်းကို ဘယ်လောက်ပဲ အဆင့်အတန်းမြင့်မြင့် ထားထား အပိုဖြစ်နေမှာ ပဲ ... "

ဦးဟန်ဆီမှာ ရော မသိမ်ငယ်ရလို့ လား မေးချင်တယ် ... ငွေဝယ်ကျွန်ပုံစံ အသုံးတော်ပုံစံ သာသာဆက်ဆံတတ်တဲ့ သူကကော မှူးငယ်ကို ဘယ်တုန်းကများ သူ့အိမ်ထောင်ဖက်လို ဆက်ဆံခဲ့လို့ လဲ ... သူ့အမိန့်နဲ့ သူ့စိတ်တိုင်းပဲ ...

"ကျောင်းရောက်ပြီ ... ဒါမင်းဘဝအစပဲ လရောင် ... မင်းကိုယ်တိုင် တိုက်ခိုက်ရလိမ့်မယ် ... သူဌေးတစ်ယောက်ကို ရလိုက်တာပဲဆိုပြီး မင်း ပျော့ညံ့နေမယ်ဆိုရင် သေချာတယ် တစ်နေ့ကျရင် မင်းကိုယ်မင်း ပျောက်ဆုံးသွားမှာ ပဲ ... ရော့ ... "

လက်ထဲကို ရောက်လာတဲ့ ရွှေရောင် ပြောင်လက်နေတဲ့ card

"Password က မင်းမွေးနေ့ ... ငွေကတော့ အကန့်အသတ်မရှိဘူး မင်းစိတ်တိုင်းကျ သုံးလို့ ရတယ် ... ဒါပေမဲ့ ဘာလို့ သုံးရတယ်ဆိုတဲ့ အကြောင်းပြချက်တော့ ရှိရမယ် ... "

တန်ဖိုးရှိတဲ့ ပစ္စည်းကို မသုံးဖူးတာမို့ လွယ်အိတ်အကန့်လေးထဲ သေချာ ထည့်သိမ်းလိုက်သည် ။

"ငါ့သိက္ခာကို မင်းနဲ့ တူတူ ထည့်ပေးလိုက်တယ် ... ကုန်းကောက်မရအောင် မပစ်ချဘူးလို့ ယုံကြည်မယ် သွားလို့ ရပြီ"

ကျောပိုးအိတ်ကြိုးလေးကို တင်းနေအောင် ဆုပ်ကိုင်ထားမိသည် ။ စိတ်ချ မှူးငယ်ကြောင့် ဦးဟန်သိက္ခာ မကျစေရပါဘူး ... ကျောပိုးအိတ်ကြိုးလေးကို ဆုပ်ကိုင်ထားတဲ့ လက်သေးသေးလေးကိုကြည့်ကာ တစ်ချက်ပြုံးလိုက်တဲ့ မင်းမြတ်ဟန်ပန် ... သန်မာလိုက်စမ်းပါ ကလေးရေ ... မင်းရဲ့ တောင်ပံတွေကို အားကိုးပြီး တိမ်တွေကြားမှာ ပျော်မြူးလိုက်စမ်းပါ ...

" သခင်လေးအတွက် bodyguard လွှတ်ထားပေးရမလား သခင်ကြီး ... "

"မလိုဘူး ... လရောင်က ကိုယ်ဘာသာ စောင့်ရှောက်နိုင်တယ် ... "

"ဟုတ်ကဲ့ပါ ... "

***

အဆင့်မြင့် college မို့ ကျောင်းထဲဝင်တာနဲ့ reception မှာ တာဝန်ကျ ဝန်ထမ်းတွေ ထားထားသည် ။

တက္ကသိုလ်တွေမှာ လို ကိုယ်တက်မယ့်အတန်း ကိုယ်ဘာသာတောင် ရှာစရာတောင်မလို ... မှူးငယ် တတ်ရမယ့်အတန်းကို တာဝန်ကျ ဆရာ

တစ်ယောက် လိုက်ပို့ပေးတော့ မှုးငယ်အတန်းထဲ ဝင်လာလိုက်သည် ။

ဝင်ဝင်ချင်း အားလုံးရဲ့ မျက်လုံးများ ဟာ မှုးငယ်ဆီသို့ စုံချီဆန်ချီ ရောက်လာသည် ။

စူးစမ်းလိုစိတ် အားကျတဲ့ စိတ် ...။ နေပါဦး မှုးငယ် ကိုဘာလို့ ဒီလို ကြည့်နေတာလဲ ... ထုံးစံအတိုင်း စိတ်ထဲတွင် ကြောက်ရွံ့စိတ်တွေ ဝင်လာသည် ။ ဒါပေမဲ့ ဦးဟန်ပြောလိုက်တဲ့ စကားကို သတိရတာ ချက်ချင်း အားတင်း အတန်းရဲ့ နောက်ဆုံးက ဒုတိယတန်းမြောက်ခုံမှာ ထိုင်လိုက်သည် ။

ကျောင်းကဖွင့်ထားတာ ၁ပတ်ကျော်နေပြီမို့ မှုးငယ်က ကျောင်းသားအသစ်ပုံစံ ဖြစ်နေသည် ။ စီးပွားရေးအထူးပြု မေဂျာကို ရွေးပေးထားတဲ့ ဦးဟန်ဟာ မှုးငယ် အရာရာအားလုံးကို သူအမိန့်ပေးလို့ ရတဲ့ ပုံစံပင် ... အေးပေါ့လေ ... မှုးငယ်ကို သူဝယ်ထားတာပဲကို ...

"ဟော့ ... လ ရောင် မှုး ငယ် နော် ... "

မှုးငယ်ရဲ့ ရင်ဘတ်က နာမည်လေးကို ဖက်ကာ လာနှုတ်ဆက်တဲ့ ကောင်မလေး ... ယူနီဖောင်း စကပ်အတိုလေးကို ပိုတိုအောင် ဝတ်ထားကာ ပြင်ဆင်ထားသည် မှာ လည်း ကြွေရုပ်လေးလို လှပလွန်းသည် ။

"တို့ နာမည်က ယဉ်သကို ... u က လရောင်မှုးငယ်ဆိုတော့ လရောင်လို့ ခေါ်မယ် ... "

"မှုးလို့ ခေါ်ပါ ... "

"Oh ဟုတ်ပြီး သူငယ်ချင်း လုပ်ကြမလား ... နောက်ကျရင် ယူသဘောကျရင် အဆင့်တက်ချင် တက်လို့ ရတယ် ... "

ပွင့်လင်းစွာပင် မျက်လုံးလေး တစ်ဖက်မှိတ်ကာ လက်တစ်ဖက် ဆန့်တန်းကာ မိတ်ဆက်တဲ့ သူမ ... မှူးငယ် မျက်လုံးလေးပြူးကာ ကြည့်နေမိသည်။

"ယဉ် သ ကို ... "

မှူးငယ် ရဲ့ ခုံဘေးမှာ မှောက်အိပ်နေတဲ့ ကောင်လေးဆီမှ ထွက်လာသောအသံ ... သွားတက်လေးတွေ ပေါ်အောင် ပြုံးရယ်နေတဲ့ ထိုကောင်လေးဟာ မျက်လုံးများကတော့ သရော်နေသဟန် ...

"ကိုယ်ခေါ်တာ မှန်တယ်နော် ... "

"နင်က ... "

"မင်းကသိပ်လှတော့ ကိုယ်သတိထားမိတာပေါ့ ဟိုညက Joyကလပ်မှာ တောင် တွေ့သေး ... "

မျက်နှာလေး ရဲတက်သွားတဲ့ ကောင်မလေးသည် ထိုကောင်လေးကို ခပ်စူးစူး ကြည့်ကာ သူ့ခုံမှာ သွားပြန်ထိုင်သည်။

သူတို့ အထာနဲ့ သူတို့ ပြောနေကြတာကို မှူးငယ် နားမလည်သလို ကြည့်နေမိသည် ။ မိန်းကလေး တစ်ယောက်က အဲဒီလိုလာပြောတာလည်း မှူးငယ်မှ မခံရဖူးတာ...

ထိုကောင်လေးသည် မှူးငယ်ဘက်ကို သေချာကြည့်ကာ ...

"လရောင်မှူးငယ် ... အင်း ... ကြည့်ရတာ Papaရဲ့ boyလေးထင်တယ် ... မိဘရင်ခွင်က အခုမှ ထွက်တဲ့ ပုံစံလေးပဲ ... မင်းလို သူဌေးလေးကို တစ်လှာချင်းခွာစားမယ့် ယဉ်သကိုလူမျိုးတွေ ဒီကျောင်းမှာ ရှိတယ် ... မျက်လုံးတွေနားတွေ ဖွင့်ထား ... အော် ... ဒါနဲ့ ကိုယ့်ကို မိတ်ဆက်နော် ... ကိုယ်နာမည်က အရိပ်ယောင် ... မင်းသူငယ်ချင်း လုပ်ချင်ရင်

ရတယ် ... ဒါပေမဲ့ ကိုယ်က gay ... "

အစွယ်လေးတွေပေါ်အောင် ပြုံးပြနေတဲ့ ကောင်လေးကို မှူးငယ် ယောင်တောင်တောင်နဲ့ လက်ကမ်းလိုက်တော့ သူက ဟတ်ခနဲရယ်ကာ မှူးငယ် လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

***